**ပြည်သူ့လွှတ်တော်၌ အတည်ပြုထားသော အဆိုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု**

**အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ တင်ပြဆွေးနွေးမှု အစည်းအဝေးပွဲတွင်**

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် အမှာစကား**

**ရုံးအမှတ် (၄)၊ နေပြည်တော်** **(၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၅)ရက်**

ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်များမှ တင်သွင်းသည့်အဆိုများ၌ ပါဝင်သော အကြောင်းအချက်များသည် ပြည်သူများအတွက် အလွန်အကျိုးရှိစေသည့် ကိစ္စရပ်များဖြစ်ရုံ သာမက ဝန်ကြီးဌာန၏ အထွေထွေလုပ်ငန်းစနစ်များ ပိုမိုကောင်းမွန်တိုးတက်စေရေးကိစ္စရပ် များဖြစ်သဖြင့် ဝန်ကြီးဌာနမှ အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် လွှတ်တော်များတွင် တင်သွင်းခဲ့သော အဆိုများနှင့်ပတ်သက်၍ လွှတ်တော် ကိုယ်စားလှယ်များမှ ဝိုင်းဝန်းဆွေးနွေးချက်များကို ဝန်ကြီးဌာနရှိ တာဝန်ရှိသူများအနေဖြင့် အသေးစိတ်လေ့လာသုံးသပ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မိမိအနေဖြင့် ဆရာတို့ကိုပြောချင်တာကတော့ အဆိုကို သက်ဆိုင်ရာ unit တွေကဖတ် သလိုမျိုး အဆိုကိုဆွေးနွေးတဲ့လူတွေရဲ့အချက်ကိုလည်း သေချာဖတ်စေလိုပါတယ်။ သူတို့မှာ လုပ်စေချင်တဲ့ အဖြေပါပါတယ်။ သူတို့ပြောကြားချက်များသည် အမြင်နဲ့ပြောတာဖြစ်ပြီး လက်တွေ့တွင် အချို့အချက်တွေက (ဥပမာ– အရသာရှိတဲ့ဟင်းတစ်ခွက်ဖြစ်ဖို့အတွက် ဆားလေး ထည့်ရမယ်၊ အချိုလေးလျှော့ရမယ်၊ အချဉ်လေးထည့်ရမယ်) ဒီသဘောမျိုးဖြစ်ရပါမယ်။ ဆရာတို့ ဒါကိုလုပ်တိုင်း resource တစ်ခုမှာ realistic ဖြစ်သလား၊ doable ဖြစ်သလား။ အဆိုတစ်ခု သည် အလွန်ကောင်းတယ် သို့သော် ကျွန်တော်တို့မှာ လုပ်ရန် resource လုံလောက်မှုမရှိတာကို လည်း တွေ့ရပါတယ်။ ဒီအချက်တွေကို အကုန်သုံးသပ်ပြီးမှ မိမိတို့အနေဖြင့် ဘယ်လိုအကောင် အထည်ဖော်မလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ အခုလည်း ဆရာတို့အားလုံးသည် ဒီအဆိုမှာ ပါတဲ့အချက်တွေကို အကုန်လုပ် နေကြတာဖြစ်ပါတယ်။

လွှတ်တော်အဆိုများတွင်ပါဝင်သော အချို့အချက်မှာ ချက်ချင်း (သို့မဟုတ်) အချိန်တို အတွင်း ဆောင်ရွက်နိုင်သော်လည်း အချို့မှာ အချိန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပါ တယ်။ သူ့အဆိုမှာပါတဲ့အချက်တွေကို လုပ်လိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ health system ကြီး တောင့်တင်းခိုင်မာလာမှာဖြစ်ပါတယ်။

နောက်တစ်ချက်က ဒီအဆိုတွေကိုလုပ်တဲ့အခါမှာ တစ်ချို့အဆိုများ၏ အချက်တွေက step-wise, phase-wise နဲ့လုပ်ရပါမယ်။ အဆိုတစ်ခုတွင်ပါရှိတဲ့အချက်တွေကို လုပ်မည်ဆို လျှင် နည်းမျိုးစုံဖြင့်လည်းကောင်း၊ ရှုထောင့်မျိုးစုံမှလည်းကောင်း စဉ်းစားရမှာဖြစ်ပါတယ်။ မိမိအနေဖြင့် ပြန်လည်သုံးသပ်သည့်အခါတွင် program manager များ အကုန်လုံးလုပ်ထား ပြီးတာကိုတွေ့ရတဲ့အတွက် တော်တော်ကျေနပ်အားရဖွယ်ဖြစ်ပါတယ်။

အချို့အဆိုများသည် မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းမှ လုပ်ဆောင်နိုင်သည့်ကိစ္စရပ်များ ဖြစ်ပြီး အချို့မှာ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပါတယ်။

ယနေ့အစည်းအဝေးတွင် ဆရာတို့အနေဖြင့် ဒီအဆိုတွေကို ဘာတွေလုပ်ပြီးပြီဆိုတဲ့ အပေါ် မူတည်ပြီး future direction ကိုစဉ်းစားပြီး framework လုပ်၍ guideline ချပြီး လုပ်စေ ချင်ပါတယ်။

မိမိတို့အနေဖြင့် ရရှိထားသည့် ဘဏ္ဍာငွေ၊ အချိန်၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ စသည့် အရင်းအမြစ်များအပေါ်မူတည်၍ အတည်ပြုအဆိုများအား တာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အတည်ပြုအဆိုများ၏ အကြောင်းအရာများကို ဆန်းစစ်သုံးသပ်ရာ၌ အဆိုများအားလုံး သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ဖြစ်သည်ကို တွေ့ရှိရပါတယ်။

ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် အဆို၌ပါဝင်သော အချို့အကြံပြုချက်များကို ထပ်မံ ထည့်သွင်း၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် မကူးစက်တတ်သော ရောဂါများနှင့် ကင်ဆာရောဂါများ၏ ဖြစ်ပွားမှုနှုန်းမှာ မြင့်တက်လျက်ရှိသဖြင့် ဝန်ကြီးဌာနမှ အထူးဦးစားပေး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အားကစားနှင့်ပတ်သက်၍ Exercise is Medicine ကို ယခုထက်ပိုမိုလုပ်ဆောင်စေလိုပါတယ်။

မကူးစက်နိုင်သောရောဂါများနှင့်ပတ်သက်၍ မိမိတို့သည် NCD Rish Factor Reductor Task Force ဖွဲ့စည်းထားခြင်း Cancer registry ကို အားဖြည့်ဆောင်ရွက်လျက်ရှိခြင်း၊ NCD ကို စောစီးစွာရှာဖွေ၍ ကုသပေးနေသည့် Community Health Clinic at Rural Health Center များ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်မှာ အလွန်ကောင်းတဲ့အခြေအနေဖြစ်ပါတယ်။ NCD မှာ စောစောရှာဖွေပြီးကုသလေ ပြည်သူများအတွက် အကျိုးရှိလေပဲဖြစ်ပါတယ်။

NCD နှင့်ပတ်သက်ပြီး လုပ်ငန်းများဆောင်ရွက်နိုင်ရန် WHO မှ APW, DFC အသုံးပြုပြီး budget ရယူကာ ဆောင်ရွက်စေလိုပါတယ်။ HelpAge International မှလည်း များစွာကူညီပံ့ပိုးလျက်ရှိသည်ကို တွေ့ရပါတယ်။

ထို့အပြင် Defeat NCD, WHO HQ မှလည်း တစ်ကမ္ဘာလုံးမှာ (၂)နိုင်ငံရွေးထားတဲ့ထဲက မြန်မာနိုင်ငံပါပါတယ်။ မိမိတို့ Defeat NCD နှင့်ပေါင်းပြီး များစွာသောလုပ်ငန်းများကို လုပ်ရန်ရှိပါတယ်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၌ အတည်ပြုထားသော အဆိုများနှင့် ပတ်သက်၍ ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းမူဘောင်များကို တက်ရောက်လာကြသူများအားလုံးက ပွင့်လင်းစွာဖြင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။)